# အိန္ဒိယသမ္မတနိုင်ငံ၏ဖက်ဒရယ်စနစ်အားလေ့လာခြင်း

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ဇန်နဝါရီလ ရက်

**အကျဉ်းချုပ်**

၁၉၄၇ ခုနှစ်တွင် ဗြိတိသျှတို့ထံမှလွတ်လပ်ရေးရရှိခဲ့သော အိန္ဒိယနိုင်ငံသည် ၎င်းတို့၏လူမျိုးရေး၊ ဘာသာရေးနှင့်အခြားပဋိပက္ခများအား တည်ငြိမ်စွာကိုင်တွယ်နိုင်ရေးအတွက် ဖက်ဒရယ်စနစ်အားကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဗဟိုထိန်းချုပ်မှုကဲ့သို့ ဖက်ဒရယ်စနစ်အား ပုံဖော်ထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံကဲ့သို့ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့ဖြင့်ဖွဲ့စည်းထားသည့် ကမ္ဘာ့လူဦးရေအများဆုံးဒီမိုကရေစီနိုင်ငံ၏ဖယ်ဒရယ်နိုင်ငံရေးစနစ်ကျင့်သုံးမှုအား ဤစာတမ်းတိုတွင် ဖော်ပြထားရှိပါသည်။

**ရေးသားပြုစုသူ - ဦးထက်ဆွေဦး**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | နိဒါန်း | ၁ | |
| ၂ | အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်း | ၁ | ၂ |
| ၃ | အိန္ဒိယတိုက်ငယ်အားခွဲခြမ်းခြင်း (Partition of India) | ၃ | |
| ၄ | ၁၉၄၇-၁၉၅၀ အိန္ဒိယဒိုမီနီယံ | ၄ | |
| ၅ | အိန္ဒိယသမ္မတနိုင်ငံ | ၄ | ၅ |
| ၆ | အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ | ၆ | ၇ |
| ၇ | ၁၉၅၀ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖက်ဒရယ်စနစ် | ၈ | ၉ |
| ၈ | အိန္ဒိယအုပ်ချုပ်ရေး၊ဥပဒေပြုရေးနှင့်တရားစီရင်ရေးစနစ် | ၁၀ | ၁၂ |
| ၉ | အိန္ဒိယ၏ ဘာသာစကားမူဝါဒ | ၁၂ | |
| ၁၀ | အာဏာခွဲဝေကျင့်သုံးမှု | ၁၃ | |
| ၁၁ | အိန္ဒိယမှ လူမျိုးရေးပြဿနာများ | ၁၃ | ၁၄ |
| ၁၂ | နိုင်ငံရေးနှင့်စီးပွားရေးအရွေ့ | ၁၅ | ၁၆ |
| ၁၃ | အိန္ဒိယဖက်ဒရယ်စနစ်၏ သဘောသဘာဝ | ၁၆ | ၁၉ |
| ၁၄ | နိဂုံး | ၁၉ | |

# အိန္ဒိယသမ္မတနိုင်ငံ၏ဖက်ဒရယ်စနစ်အားလေ့လာခြင်း

## နိဒါန်း

၁။ တောင်အာရှဒေသတွင်းရှိ အိန္ဒိယတိုက်ငယ်အဖြစ် တင်စားသတ်မှတ်ထားသော အိန္ဒိယသမ္မတနိုင်ငံသည် အာရှဒေသ၏အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကမ္ဘာတွင် သတ္တမမြောက်အကြီးဆုံးနိုင်ငံနှင့် ဒုတိယမြောက်လူဦးရေအများဆုံးနိုင်ငံလည်းဖြစ်သည်။ ထူးခြားသောအချက်မှာ အစ္စလာမ်ဘာသာ အဓိကထားကိုးကွယ်သည့်နိုင်ငံမဟုတ်သည့် နိုင်ငံများ( Non-Islamic State)အနက် အစ္စလာမ်ဘာသာဝင်အများဆုံးနေထိုင်သောနိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ အစ္စလာမ်ဘာသာဝင် ၁၇၂ သန်းခန့်နေထိုင်ကြကာ အင်ဒိုနီးရှားနိုင်ငံပြီးနောက် အစ္စလာမ် ဘာသာဝင် ဒုတိယအများဆုံးနေထိုင်သောနိုင်ငံဖြစ်ပြီး နိုင်ငံ့လူဦးရေ၏ ၁၄.၂ ရာခိုင်နှုန်းဖြစ် ပြီးကမ္ဘာ့အစ္စလာမ်ကိုးကွယ်သူလူဦးရေ၏ ၁၀.၉ ရာခိုင်နှုန်းဖြစ်သည်။ ၁၉၄၇ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သောအိန္ဒိယနိုင်ငံသည် လက်ရှိအချိန်ထိ ကမ္ဘာပေါ်တွင် အရှည် ဆုံးနှင့်အသေးစိတ်အကျဆုံးရေးဆွဲထားသည့် ၁၉၅၀ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုကျင့် သုံးနေသော ဒီမိုကရက်တစ် ဖက်ဒရယ်သမ္မတနိုင်ငံ တစ်ခု လည်းဖြစ်သည်။ အာရှတိုက် ၏အစောဆုံးနှင့် စံပြဒီမိုကရေစီနိုင်ငံအဖြစ် အသိအမှတ်ပြုခြင်း ခံထားရသော အိန္ဒိယနိုင်ငံသည် ပြည်နယ်ပေါင်း (၂၉)ခု၊ ပြည်ထောင် စုနယ်မြေ (၇) ခု၊ လူမျိုးစု(၂၉)စု၊ ကိုး ကွယ်ရာဘာသာပေါင်း(၆)မျိုးတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် လူမျိုးအထွေထွေ၊ ယဉ်ကျေးမှုအမျိုးအမျိုး တို့ရောယှက်နေသည့် ထူးခြား သောသွင်ပြင်လက္ခဏာရှိသော နိုင်ငံကြီးတစ်နိုင်ငံဖြစ်ပါသည်။ အဆိုပါထူးခြားချက် များဖြင့်ဖွဲ့စည်းထားသည့် မြန်မာ နိုင်ငံ၏အိမ်နီးချင်း အိန္ဒိယနိုင်ငံ ၏နိုင်ငံရေး စနစ်အား စာတမ်းတိုအဖြစ်ရေးသား တင်ပြအပ်ပါသည်။

## အိန္ဒိယနိုင်ငံ၏နိုင်ငံရေးသမိုင်းကြောင်း

၂။ အိန္ဒိယနိုင်ငံသည် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်နေ့တွင် ဗြိတိသျှအင်ပါယာလက်အောက်မှလွတ်လပ်ရေးရရှိခဲ့သည်မှာမှန်သော်လည်း အိန္ဒိယသမ္မတနိုင်ငံ စတင်

တည်ထောင်ခဲ့သည်မှာ ၁၉၅၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၆ရက်နေ့တွင်ဖြစ်သည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁၅ရက်နေ့တွင် ဗြိတိသျှဓနသဟာယအဖွဲ့အတွင်း လွတ်လပ်သော နိုင်ငံအဖြစ်ရောက်ရှိခဲ့ပြီး မူဆလင်အများစုနေထိုင်သော အိန္ဒိယတိုက်ငယ်၏ အနောက်မြောက်နှင့်အရှေ့ဘက်ဒေသများအား ပါကစ္စတန်ဒိုမီနီယံအဖြစ် ပိုင်းခြား သတ်မှတ်ကာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးရွှေ့ပြောင်းနေထိုင်မှုဖြစ်သည့် India Partition အဖြစ် အိန္ဒိယ နှင့် ပါကစ္စတန် နှစ်နိုင်ငံကြား အပြန်အလှန် ရွှေ့ပြောင်းနေထိုင်မှုကြီးဖြစ်ပေါ်ခဲ့သည်။



***"အိန္ဒိယကို ခွဲခြမ်းလိုက်ရင် အိန္ဒိယဟာ ထာဝရ ပျောက်ကွယ်သွားမယ်"***

**မဟတ္တမဂန္ဒီ**

***If India is divided she will be lost forever***

၃။ အဆိုပါပြောင်းရွှေ့နေထိုင်မှုကြီးအတွင်း လူ ၁၀ သန်းခန့်ပါဝင်ခဲ့ကာ လူဦးရေ ၁သန်းနီးပါးသည် အပြန်အလှန်အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့ရသည်။ အိန္ဒိယ အမျိုးသားကွန်ဂရက်၏ခေါင်းဆောင်ဂျဝါဟာလာနေရူးသည် လွတ်လပ်သောအိန္ဒိယ နိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုရေးဆွဲခဲ့ပြီး အခြေခံဥပဒေအရ အိန္ဒိယနိုင်ငံသည် ဘာသာကိုးကွယ်မှုပေါင်းစုံရော ယှက်ပါဝင်နေသည့် ဘာသာရေးစည်းခြား( Secular)[၁] ဒီမိုကရက်တစ်သမ္မတနိုင်ငံ တစ်ခုဖြစ်လာခဲ့သည်။ အခြေခံဥပဒေအရ အိန္ဒိယသမ္မတနိုင်ငံသည် ဟိန္ဒူဘာသာဝင် လူများစုများ၊ ကြီးမားသောမူဆလင်အသိုက်အဝန်း၊ ဆစ်ခ်၊ ဂျိမ်း၊ ဗုဒ္ဓဘာသာနှင့်

---

၁။ *Seular State ဆိုသည်မှာ မည်သည့်ကိုးကွယ်ရာဘာသာတစ်စုံတစ်ရာကိုမျှဦးစားပေးဘာသာ၊ နိုင်ငံတော် ဘာသာအဖြစ်သတ်မှတ်ထားခြင်းမရှိသောနိုင်ငံ ၊ နိုင်ငံ့အုပ်ချုပ်ရေးတွင်မည်သည့်ဘာသာတရားလွှမ်းမိုးမှုကိုမှလက်မခံသော နိုင်ငံကိုဆိုလိုသည်။*

ခရစ်ယာန်စသော အသိုက်အဝန်းများပေါင်းစည်းနေထိုင်သည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်လာခဲ့သည်။

## အိန္ဒိယတိုက်ငယ်အားခွဲခြမ်းခြင်း(Partition of India)

၄။ အိန္ဒိယ၏နောက်ဆုံးဘုရင်ခံချုပ်ဖြစ်သော လော့ဒ်လူဝီမောင့်ဘက်တန်သည် အိန္ဒိယနိုင်ငံ၏မူဆလင်နှင့်ဟိန္ဒူဘာသာဝင်များအကြား မဖြေရှင်းနိုင်သောပဋိပက္ခများကြောင့် အိန္ဒိယနှင့်ပါကစ္စတန်အား နိုင်ငံ(၂)ခုအဖြစ်ခွဲခြမ်းကာ လွတ်လပ်ရေးကို အချိန်အနည်းငယ်ခြားကာပေးခဲ့သည်။ အိန္ဒိယတိုက်ငယ်၏လွတ်လပ်ရေးကို သန်းခေါင်ယံလွတ်လပ်ရေးဟုလည်း တင်စားကြသည်။ လွတ်လပ်ရေးပေးအပ်စဉ် ပါကစ္စတန်နိုင်ငံတွင်းသို့ပါဝင်သွားသည့် အနောက်ပန်ဂျပ်နယ်၊ ဘရူချီစတန် အနောက်နှင့်မြောက်ဘက်ဒေသများတွင် အစ္စလာမ်ဘာ သာဝင်မဟုတ်သည့် ဟိန္ဒူနှင့် ဆစ်ခ်လူမျိုး ၃.၅ သန်းသည် အိန္ဒိယဒိုမီနီယံ နယ်မြေအတွင်းသို့ရွှေ့ပြောင်းခဲ့ရသည်။ နှစ်နိုင်ငံနယ်နိမိတ်ဖြစ်သည့် ပန်ဂျပ်နှင့်ဘင်္ဂလားပြည်နယ်နယ်စပ်တစ်လျှောက်ရွှေ့ပြောင်းမှုများတွင် အပြန်အလှန်အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် ကာလကတ္တား၊ ဒေလီ၊ လာဟိုးစသောမြို့ကြီးများတွင် အဓိကရုဏ်းများပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလတွင် နှစ်နိုင်ငံအစိုးရများပူးပေါင်းဆောင်ရွက်မှုနှင့် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏



ကြိုးပမ်းမှုများကြောင့် အဓိကရဏ်းများ ငြိမ်သက်သွားခဲ့သည်။ နှစ်နိုင်ငံအစိုးရသည် လက်ခံရေးစခန်းများကို နယ်စပ်တစ်လျှောက်ဖွင့်လှစ်ကာ အပြန်အလှန်ရွှေ့ပြောင်းလာသူများလုံခြုံရေးကို ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဖြစ်ရပ်များအတွင်း လူဦးရေ ၁ သန်းကျော်သေဆုံးခဲ့ရသည်။

## ၁၉၄၇-၁၉၅၀ အိန္ဒိယဒိုမီနီယံ

၅။ လွတ်လပ်ရေးရရှိပြီး ကနဦးနှစ်များတွင် အိန္ဒိယသည် မငြိမ်မသက်မှုများစွာကိုဖြတ်ကျော်ခဲ့ရသည်။ အိန္ဒိယခွဲခြမ်းမှုမှစတင်ကာ ၁၉၄၇ ပထမအိန္ဒိယ-ပါကစ္စတန်စစ်ပွဲစတင်ဖြစ်ပေါ်ခဲ့ရပြီး အဆိုပါစစ်ပွဲအား ညီအစ်ကိုချင်းသားအဖချင်း ပြန်လည်တိုက်ခိုက်ခဲ့ရသော **"ညီအစ်ကိုများ၏စစ်ပွဲ"**အဖြစ်တင်စားခဲ့ကြသည်။ အိန္ဒိယနိုင်ငံ သည် လွတ်လပ်ရေးမရရှိခင်ကတည်းကရှိနေသော သီးခြားစော်ဘွားနိုင်ငံငယ်ပေါင်း (၅၀၀)ကျော်အားစုစည်းခဲ့ရခြင်းဖြစ်သည်။ အဆိုပါစော်ဘွားနိုင်ငံငယ်များအား အောင်မြင်စွာစုစည်းခဲ့ရာတွင် အရေးပါသောပုဂ္ဂိုလ်မှာ ထိုအချိန်က ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ပတေးလ်၏အရည်အချင်းကြောင့်လည်းဖြစ်သည်။[၂]

## အိန္ဒိယသမ္မတနိုင်ငံ

၆။ အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန်မှစ၍ ဘာသာရေးအကြမ်းဖက်မှု၊ ဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားခြင်းမှဖြစ်သော အကြမ်းဖက်မှုနှင့် ပုန်ကန်ထကြွမှုတို့၏ ဒုက္ခကို နေရာအနှံ့အပြားတွင်ခံခဲ့ရသည်။ သို့သော်လည်း သည်းခံခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲခြင်းတို့မှတစ်ဆင့် ထိန်းချုပ်နိုင်ခဲ့သည်။ ကမ္ဘာပေါ်တွင်

---

၂။ http://en.wikipedia.org/wiki/History of the Republic of India

အရှည်ဆုံးနှင့် အသေးစိတ်အကျဆုံးသော အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၅၀ပြည့်နှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအဖွင့်တွင် အိန္ဒိယနိုင်ငံအား အချုပ်အခြာပိုင်ဆိုင်သော၊ လက်တွေ့ကျ သည့် ဆိုရှယ်လစ်ဒီမိုကရက်တစ်သမ္မတနိုင်ငံအဖြစ် အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ အိန္ဒိယနိုင်ငံတွင် ဝက်စ်မင်စတာပုံစံ ပါလီမန်စနစ်ကျင့်သုံးပြီး ဥပဒေပြုလွှတ်တော် (၂) ရပ်ရှိသည်။ အစိုးရအဖွဲ့အား ဖက်ဒရယ်ဆန်ဆန်ဖွဲ့စည်းထားပြီး ဗဟိုအစိုးရမှချုပ်ကိုင်မှုအားကောင်း၍ ပြည်နယ်အစိုးရများ၏အာဏာသည် အားနည်းခဲ့သည်။ သို့သော် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြောင်းလဲမှုများ ကြောင့် ဖက်ဒရယ်စနစ်အဖြစ် တိုးတက်ပြောင်းလဲလာခဲ့သည်။

၇။ အိန္ဒိယနိုင်ငံအနေဖြင့် Castism ၊ Naxalism စသော သူပုန်များ ၊ ခွဲထွက်ရေးဝါဒီများ ၊ အထူးသဖြင့် ဂျမူးနှင့်ကတ်ရှ်မီးယားခွဲထွက်ရေးဝါဒီတို့ခြိမ်းခြောက်မှုအား ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါကစ္စတန်နိုင်ငံနှင့် ၁၉၄၇၊ ၁၉၆၅၊ ၁၉၇၁ နှင့် ၁၉၉၉ ခုနှစ်များတွင် စစ်ပွဲ(၄)ကြိမ်တိုင်တိုင် စစ်ခင်း ခဲ့ရသလို ၁၉၆၂ ခုနှစ်တွင် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် နယ်စပ်စစ်ပွဲဆင်နွှဲခဲ့ရသည်။ စစ်အေးတိုက်ပွဲကာလတွင် ဘက်မလိုက်နိုင်ငံအဖြစ် ရပ်တည်ခဲ့သော်လည်း ပါကစ္စတန်နိုင်ငံ၏အမေရိကန်၊ တရုတ်စသောနိုင်ငံများနှင့်နီးကပ်သော ဆက်ဆံရေးအပေါ် အခြေခံကာ ဆိုဗီယက်ယူနီယံနှင့် ပိုမိုနီးကပ်သောဆက်ဆံရေးကို တည်ဆောက်ထားခဲ့သည်။

၈။ ၁၉၉၁ ခုနှစ်မှစတင်ကာ အလယ်အလတ်ဈေးကွက်စီးပွားစနစ်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ပြီးနောက်ပိုင်း အိန္ဒိယသည် ကမ္ဘာတွင်တတိယမြောက် စီးပွားရေးအကြီးမားဆုံးနှင့် စီးပွားရေးတိုးတက်မှုနှုန်းအမြန်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာပါသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံစာရင်းတွင်ပါဝင်

လျှက်ရှိကာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ အဖြစ်ရပ်တည်လျှက်ရှိသည်။[၃]

## အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ




ကျွန်ုပ်တို့ အိန္ဒိယနိုင်ငံ၏ ပြည်သူများအနေဖြင့် ညီညွတ်သော ဆိုရှယ်လစ်ဒီမိုကရက်တစ်သမ္မတနိုင်ငံကို တည်ထောင်ပြီး ပြည်သူပြည်သား များအားလုံး အောက်ပါအခွင့်အရေး တို့ကိုရရှိစေပါမည်-

*“လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေးတို့ တွင် တရားမျှတမှုကို ရရှိခံစားစေရမည်၊*

*အတွေးအခေါ်၊စိတ်ခံစားမှု၊ဖွင့်ဟပြောဆိုမှု၊ အယူဝါဒ၊ယုံကြည်ကိုးကွယ်မှုတို့ကို လွတ်လပ်စေရမည်၊*

*လူ့အသိုက်အဝန်းကြား လူပုဂ္ဂိုလ်တစ်ဦးချင်းဂုဏ်သိက္ခာ၊ အဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာနှင့် တိုင်းပြည်၏စည်းလုံးမှုကိုမြှင့်တင်ပေးရမည်”*

(အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်း)[၄]

၄။ အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် အိန္ဒိယနိုင်ငံ၏ပင်မဥပဒေတစ်ရပ်ပင်ဖြစ်သည်။ အခြေခံနိုင်ငံရေးစည်းမျဉ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများတည်

၃။ https://en.wikipedia.org/wiki/Democracy_in_India

၄။ The Constitution Of India

ဆောက်ခြင်း၊ လုပ်ထုံးလုပ်နည်း၊ အခွင့်အာဏာများ၊ တာဝန်များ၊ နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးတို့အတွက် အခန်း(၂၅)ခန်း၊ အပိုဒ်ခွဲ (၃၉၅)ခု ၊ စာမျက်နှာ (၄၄၃) မျက်နှာဖြင့် ရေးဆွဲပြဋ္ဌာန်းထားသည့် ကမ္ဘာ့အရှည်ဆုံးနှင့် အသေးစိတ်အကျဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်သည်။

၁၀။ အဆိုပါဥပဒေကို ၁၉၄၇ ခုနှစ် ၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ဒေါက်တာ အမ်ဘေကာဦးဆောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာညီလာခံ၊ မူကြမ်းရေးဆွဲ ရေးကော်မတီမှ စတင်ရေးဆွဲခဲ့ပြီး အစည်းအဝေးပေါင်း ၇,၆၃၅ ကြိမ်ဆောင်ရွက်ခဲ့ကာ မူကြမ်းအပေါ်ပြင်ဆင်ချက် ၂,၄၇၃ ကြိမ်ဆောင်ရွက်ခဲ့ရသည်။ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာ လ ၂၆ ရက်နေ့တွင် ဥပဒေရေးဆွဲရေးအဖွဲ့ဝင် ၂၈၄ ဦးမှ စုပေါင်းလက်မှတ်ရေးထိုး အတည်ပြုခဲ့ကာ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ပြီးဆုံးခဲ့သည်။ အဆိုပါနေ့အား **“ဖွဲ့စည်းပုံအခြေခံဥပဒေနေ့”**အဖြစ်သတ်မှတ်ထားသည်။ ၁၉၅၀ ပြည့်နှစ်၊ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ်နေရူးမှ လက်မှတ်ရေးထိုးအတည်ပြုခဲ့သည်။ အဆိုပါနေ့ သည် အိန္ဒိယနိုင်ငံ၏ **“သမ္မတနိုင်ငံနေ့”** ( Republic Day) ဖြစ်လာခဲ့သည်။

၁၁။ အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံ ဥပဒေများ၊ ဥပဒေပြုရေးဆိုင်ရာအတွေးအခေါ်အချို့ လွှမ်းမိုးထားလျက်ရှိပြီး အယူ အဆပိုင်းဆိုင်ရာ လွှမ်းမိုးမှုများအနေဖြင့် အောက်ပါအတိုင်းဖြစ်ပါသည်-[၅]

---

၅။ https://en.wikipedia.org/wiki/Constitution_of_India

| နိုင်ငံ | တူညီသည့်အချက် | မှတ်ချက် |
|---|---|---|
| ဗြိတိသျှ | အစိုးရအား လွှတ်တော်မှဖွဲ့စည်းခြင်း၊ နိုင်ငံသားတို့၏ပုဂ္ဂိုလိကအတွေးအမြင်၊ တရားဥပဒေစိုးမိုးရေးအယူအဆ၊ လွှတ်တော်ဥက္ကဋ္ဌ၏အခန်းကဏ္ဍ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်၊ စည်းမျဉ်းများအားဥပဒေဖြင့်ပြဋ္ဌာန်းခြင်း။ | |
| အမေရိကန် | အခြေခံအခွင့်အရေးကြေညာချက်၊ ဖက်ဒရယ်အစိုးရတည်ဆောက်ပုံစနစ်၊ ရွေးကောက်ပွဲစနစ်၊ တရားစီရင်ရေးပိုင်းဆိုင်ရာလွတ်လပ်ခွင့်၊ သမ္မတသည်ကာကွယ်ရေးဦးစီးချုပ်ဖြစ်ခြင်း၊ ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကိုတန်းတူရရှိမှု။ | |
| ဩစတြေးလျ | ပြည်နယ်များအကြားလွတ်လပ်စွာကုန်သွယ်ခွင့်၊ | |
| ပြင်သစ် | လွတ်လပ်ခြင်း၊မျှတခြင်းဆိုင်ရာအတွေးအခေါ်များ။ | |

## ၁၉၅၀ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖက်ဒရယ်စနစ်

၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်(၁)တွင် အိန္ဒိယနိုင်ငံသည် Bharat ခေါ် ပြည်နယ်များစုပေါင်းဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်ဟု ညွှန်းဆိုထားပါသည်။ ထိုဖော်ပြချက်တွင် ဖက်ဒရယ်ဆိုသောအသုံးအနှုန်း တစ်စုံတစ်ရာမပါဝင်သည်ကိုတွေ့ရှိရသော်လည်း ပညာရှင်များကမူ အိန္ဒိယ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်အခြေခံဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်ထားကြပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(XI)တွင် ဖက်ဒရယ်အစိုးရနှင့်ပြည်နယ်များအကြား အာဏာခွဲဝေမှုကိုရှင်းလင်းစွာဖော်ပြထားပါသည်။ ထိုအပိုင်းတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တာဝန်ယူမှုအပိုင်းများကိုရှင်းလင်းထားပြီး ဥပဒေပြုရေးအပိုင်းတွင် ပြည်ထောင်စု၊ ပြည်နယ်

နှင့်ပြည်ထောင်စုနှင့် ပြည်နယ်များတစ်ပြိုင်တည်းပေါင်းစည်းလုပ်ဆောင်ရမည့် အပိုင်းဟု (၃)ပိုင်းခွဲခြားထားသည်ကိုတွေ့ရှိရပါသည်။

၁၃။ ပြည်နယ်များအကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေမှုမှာ ပြည်နယ်တစ်ခုနှင့်တစ်ခုတူညီမှုမရှိပါ။ အခြေခံဥပဒေအပိုဒ် (၃၇၀)အရ ဂျမူးနှင့် ကတ်ရှ်မီးယားပြည်နယ်သည် အမြင့်ဆုံးဖက်ဒရယ်အခွင့်အာဏာရရှိထားသော ပြည်နယ်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေများဖြစ်သော ဒေလီနှင့်ပွန်ဒီချယ်ရီတို့သည် အပိုဒ် ၂၃၉(က) နှင့် အပိုဒ်ခွဲ ၂၃၉(ကက)တို့အရ ဖက်ဒရယ်အခွင့်အာဏာအနည်းဆုံးသော ဒေသများဖြစ်ကြောင်းတွေ့ရှိရပါသည်။ [၆]

၁၄။ ကမ္ဘာ့ဖက်ဒရယ်ဒီမိုကရေစီစနစ်အထွန်းကားဆုံးသော အမေရိကန်ပြည်ထောင်စု နှင့် ကမ္ဘာ့လူဦးရေအများဆုံးဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အိန္ဒိယနိုင်ငံတို့၏ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အရေးကြီးသောအချက်များအား တစ်ဖက်ပါအတိုင်းနှိုင်းယှဉ်တင်ပြ ထားပါသည်-[၇]

---

၆။ http://www.importantindia.com/2044/federalism-in-indian-constitution/

၇။ http://en.wikipedia.org/wiki/federalism_in_India

| စဉ် | အမေရိကန်ပြည်ထောင်စု | အိန္ဒိယ |
|---|---|---|
| ၁ | ပြည်နယ်များသည် ပြည်ထောင်စုမှခွဲထွက်ခွင့်မရှိ။ | အခြေခံဥပဒေအပိုဒ်၃၅၆အရ ပါလီမန်မှခွင့်ပြုပါက ခွဲထွက်ခွင့်ရှိသည်။ |
| ၂ | ပြည်နယ်များ ပေါင်းစည်းခြင်း၊ပြည်နယ်များထပ်မံပိုင်းခြားခြင်းကိုခွင့်ပြုခြင်းမရှိ၊ သို့သော်လည်း ပြည်နယ်များ၏အကျိုးအရကွန်ဂရက်မှခွင့်ပြုပါကဆောင်ရွက်နိုင်သည်။ | အခြေခံဥပဒေအရခွင့်ပြုထားသည်။ |
| ၃ | ပြည်ထောင်စု၏အကြီးအကဲသမ္မတကိုလူကြိုက်များမှုပေါ်အခြေခံကာ ပြည်သူများမှတစ်ဆင့်ခံရွေးချယ်သည်။ | သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်၍ မဲဆန္ဒနယ်များမှတစ်ဆင့်ခံနည်းဖြင့်ရွေးချယ်တင်မြှောက်ပြီး၊ ဝန်ကြီးချုပ်သည် သမ္မတနှင့်ညီလာခံမှရွေးချယ်ခန့်အပ်သူဖြစ်၍ အောက်လွှတ်တော်တွင်နေရာအများစုရယူထားသောပါတီ၊ သို့မဟုတ် နိုင်ငံရေးမဟာမိတ်အစုအဖွဲ့များမှထောက်ခံသူဖြစ်သည်။ |
| ၄ | ပြည်နယ်များအကြား လွတ်လပ်စွာရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခွင့်နှင့်ကုန်သွယ်ခွင့်ရှိသည်။ | အခြေခံဥပဒေအပိုဒ် ၃၀၁ နှင့် ၃၀၂ အရ ပြည်နယ်များအကြား လွတ်လပ်စွာရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခွင့်နှင့် ကုန်သွယ်ခွင့်ရှိသည်။ |
| ၅ | တစ်ခုတည်းသောငွေကြေးစနစ်၊ တစ်ခုတည်းသောနိုင်ငံခြားရေးမူဝါဒနှင့် တစ်ခုတည်းသော တပ်မတော်သည် ဖက်ဒရယ်အစိုးရ၏အုပ်ချုပ်မှုအောက်တွင်အပြည့်အဝရှိသည်။ | တစ်ခုတည်းသောငွေကြေးစနစ်၊ တစ်ခုတည်းသောနိုင်ငံခြားရေးမူဝါဒနှင့် တစ်ခုတည်းသောတပ်မတော်သည် ဖက်ဒရယ်အစိုးရ၏အုပ်ချုပ်မှုအောက်တွင်အပြည့်အဝရှိသည်။ |
| ၆ | ပြည်နယ်တိုင်းတွင် အခွန်ကောက်ခံခွင့်နှင့်ချေးငွေရယူခွင့်အား အခြေခံဥပဒေပါအခွင့်အရေးအရခွင့်ပြုထားသည်။ | ပြည်နယ်တိုင်းတွင် အခွန်ကောက်ခံခွင့်နှင့်ချေးငွေရယူခွင့်အား အခြေခံဥပဒေပါအခွင့်အရေးအရခွင့်ပြုထားသည်။ |

## အိန္ဒိယအုပ်ချုပ်ရေး၊ဥပဒေပြုရေးနှင့်တရားစီရင်ရေးစနစ်

၁၅။ အိန္ဒိယနိုင်ငံတွင် ဝက်စ်မင်စတာပုံစံ ပါလီမန်စနစ်ကျင့်သုံးပြီး ဥပဒေပြုလွှတ်တော်(၂)ရပ်ရှိသည်။ အစိုးရအဖွဲ့အား ဖက်ဒရယ်ဆန်ဆန်ဖွဲ့စည်းထားပြီး ဗဟိုအစိုးရ မှ ချုပ်ကိုင်မှုအားကောင်း၍ ပြည်နယ်အစိုးရများ၏အာဏာသည် လျော့နည်းသည်။

၁၆။ သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်၍ မဲဆန္ဒနယ်များမှတစ်ဆင့်ခံနည်း ဖြင့် ရွေးချယ်တင်မြှောက်ပြီး သက်တမ်းမှာ ၅ နှစ် ဖြစ်သည်။ ဝန်ကြီးချုပ်မှာ အစိုးရအဖွဲ့၏အကြီးအကဲဖြစ်ပြီး အုပ်ချုပ်မှုဆိုင်ရာအာဏာအများစုကိုကျင့်သုံးသည်။ ဝန်ကြီးချုပ်သည် သမ္မတနှင့်ညီလာခံမှ ရွေးချယ်ခန့်အပ်သူဖြစ်ပြီး အောက်လွှတ်တော်တွင်နေရာအများစုရယူထားသော ပါတီ၊ သို့မဟုတ် နိုင်ငံရေးမဟာမိတ်အစုအဖွဲ့များမှ ထောက်ခံသူဖြစ်သည်။

၁၇။ အိန္ဒိယ၏ဥပဒေပြုအဖွဲ့အစည်းမှာ ပါလီမန်နှစ်ခုပါဝင်ပြီး Rajya Sabha (အထက်လွှတ်တော်) မှာ **"နိုင်ငံတော်ကောင်စီ"**ဖြစ်ပြီး Lok Sabha မှာ အောက်လွှတ်တော်ဖြစ်သည်။ Rajya Sabha သည် အမတ် ၂၄၅ ယောက်ရှိသည့် အမြဲတမ်းအစုအဖွဲ့ဖြစ်ပြီး ၆ နှစ်တစ်ကြိမ်ပြောင်းလဲသည်။ အများစုမှာ ပြည်နယ်နှင့်ဒေသဆိုင်ရာဥပဒေပြုအဖွဲ့အစည်းများမှ လူဦးရေအချိုးနှင့်အညီ ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်သည်။ Lok Sabha ၏အမတ် ၅၄၅ ယောက်အတွင်းမှ ၅၄၃ ယောက်မှာ သီးသန့်နယ်မြေဒေသတစ်ခုစီအတွက် လူကြိုက်များမှုအပေါ်မူတည်သည့် မဲဆန္ဒဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်ပြီး ၅ နှစ်သက်တမ်းရှိသည်။ အခြားအမတ် ၂ ယောက်ကို အင်ဂလိုအင်ဒီးယန်းအသိုင်းအဝိုင်းတွင်းမှ သမ္မတက တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်သည်။

၁၈။ အမှုဆောင်အဖွဲ့တွင်ပါဝင်သူများမှာ သမ္မတ၊ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်ဦးဆောင်သော ဝန်ကြီးများကောင်စီ (ကက်ဘိနက်သည် ထိုအဖွဲ့အတွင်းမှ အမှုဆောင်ကော်မတီဖြစ်သည်) ဖြစ်သည်။ ဝန်ကြီးဌာနတစ်ခုကိုအုပ်ချုပ်သော မည်သည့်ဝန်ကြီး

မဆို ပါလီမန်တစ်ခုခုမှအမတ်ဖြစ်ရမည်ဖြစ်သည်။ အိန္ဒိယပါလီမန်စနစ်တွင် အမှု ဆောင်သည် ဥပဒေပြုအဖွဲ့၏လက်အောက်ခံဖြစ်ပြီး ဝန်ကြီးချုပ်နှင့်ယင်း၏ကောင်စီ သည် အောက်လွှတ်တော်အတွက် တိုက်ရိုက်တာဝန်ရှိသည်။

၁၉။ အိန္ဒိယတွင် အလွှာ ၃ လွှာရှိသော တရားစီရင်ရေးစနစ်ရှိပြီး အိန္ဒိယနိုင်ငံတရား သူကြီးချုပ်ဦးဆောင်သော ဗဟိုတရားရုံးချုပ်၊ အဆင့်မြင့်တရားရုံး ၂၁ ရုံးနှင့် သာမန် တရားရုံးအမြောက်အမြားပါဝင်သည်။ ဗဟိုတရားရုံးချုပ်သည် အခြေခံအခွင့်အရေး နှင့်ဆိုင်သောအမှုများ၊ ပြည်နယ်အချင်းချင်းနှင့် ပြည်နယ်နှင့်ဗဟိုအစိုးရတို့ အငြင်း ပွားမှုစသည်တို့ကို ပထမအကြိမ်ကြားနာပိုင်ခွင့်ရှိသည်။ တရားစီရင်ရေးစနစ်သည် မှီခိုမှုကင်းမဲ့သည့် လွတ်လပ်သောစနစ်ဖြစ်ပြီး ဥပဒေထုတ်ပြန်ရန်နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုချိုးဖောက်သည့် ပြည်ထောင်စုနှင့် ပြည်နယ်ဥပဒေများကိုပယ်ဖျက်ရန် အခွင့် အာဏာရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများအား ဆုံးဖြတ်ပေး နိုင်သည့်နေရာကိုယူထားခြင်းသည် ဗဟိုတရားရုံးချုပ်၏အရေးပါသောအချက်ဖြစ် သည်။

၂၀။ ဖက်ဒရယ်အစိုးရတစ်ခုအနေဖြင့်ကြည့်မည်ဆိုပါက အိန္ဒိယသည် ကမ္ဘာပေါ် တွင် လူဦးရေအများဆုံးသောဒီမိုကရေစီနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ဒီမိုကရေစီ သမိုင်းကြောင်းတစ်လျှောက်တွင် ဖက်ဒရယ်အစိုးရကို အိန္ဒိယအမျိုးသားကွန်ဂရက် (INC)မှ ဦးဆောင်ခဲ့သည်။ ပြည်နယ်တွင်းနိုင်ငံရေးများကို အိုင်အင်န်စီ (INC)၊ ဘာရာတီရာဂျနာတာပါတီ (Bharatiya Janata Party-BJP)၊ အိန္ဒိယ မာ့ခ်စ်ကွန်မြူ နစ်ပါတီ(CPI(M)) နှင့်အခြားဒေသခံပါတီများအပါအဝင် အချို့သောအမျိုးသားပါတီ များမှလွှမ်းမိုးထားသည်။ ၁၉၅၀ ခုနှစ်မှ ၁၉၉၀ ခုနှစ်အတွင်း တိုတောင်းသောအချိန် ကာလ ၂ ခုမှလွဲ၍ အိုင်အင်န်စီသည် ပါလီမန်တွင် နေရာအများစုကိုရရှိခဲ့သည်။ အိုင် အင်န်စီ အာဏာလက်လွှတ်လိုက်ရသောအချိန်ကာလမှာ ၁၉၇၇ မှ ၁၉၈၀အတွင်း ဖြစ်ပြီး ဝန်ကြီးချုပ်အင်ဒီယာဂန္ဒီ၏အရေးပေါ်ကြေညာချက်ကို ပြည်သူတို့ကမကျေ နပ်၍ ဂျနာ တာပါတီမှရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ ၁၉၈၉ခုနှစ် တွင် ဂျနာတာပါတီမှဦးဆောင်သော အမျိုးသားညွန့်ပေါင်းတပ်ဦး နှင့်လက်ဝဲညွန့်

ပေါင်းတပ်ဦးတို့ မဟာမိတ်ပြုထားသောအဖွဲ့မှ ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော်လည်း အာဏာကို၂ နှစ်မျှသာ ချုပ်ကိုင်နိုင်ခဲ့သည်။

၂၁။ ၁၉၉၆-၁၉၉၈ခုနှစ်များတွင် ဖက်ဒရယ်အစိုးရအဖွဲ့အတွင်း မကျေလည်မှုများရှိခဲ့ပြီး သက်တမ်းတိုတောင်းသော မဟာမိတ်အဖွဲ့အချို့အာဏာကိုထိန်းချုပ်ခဲ့သည်။ ဘီဂျေပီသည် ၁၉၉၆ ခုနှစ်အတွင်း အစိုးရအဖွဲ့ကို ခဏတာမျှဖွဲ့စည်းခဲ့ပြီးနောက် ညီညွတ်သောညွန့်ပေါင်းအဖွဲ့များ (United Front coalition) မှ ဆက်ခံခဲ့သည်။ ၁၉၉၈ခုနှစ်တွင် ဘီဂျေပီသည် ဒေသခံပါတီအချို့နှင့်ပေါင်းစည်း၍ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်များအဖွဲ့ (National Democratic Alliance -NDA)ကို ဖွဲ့စည်းခဲ့ပြီး ပထမဆုံး၅နှစ်အပြည့်အဝအုပ်ချုပ်သည့် ကွန်ဂရက်စ်မဟုတ်သော အစိုးရအဖွဲ့ဖြစ်လာခဲ့သည်။[၈]

## အိန္ဒိယ၏ဘာသာစကားမူဝါဒ

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဟင်ဒီ(Hindi) ဘာသာစကားကို ပြည်ထောင်စု၏တရားဝင်ဘာသာစကားအဖြစ်သတ်မှတ်ထားသည်။ ဟင်ဒီသည် အိန္ဒိယလူဦးရေ ၂၀ ရာခိုင်နှုန်း၏မိခင်ဘာသာစကားလည်းဖြစ်သည်။ အခြားသောတရားဝင်ဘာသာစကားတစ်ခုမှာ အင်္ဂလိပ်ဖြစ်သည်။ အထူးသဖြင့် ပြည်ထောင်စုအစိုးရလုပ်ငန်းများ တွင် အင်္ဂလိပ်ဘာသာစကားကိုသာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည်။ ထို့ကြောင့် ဟင်ဒီနှင့် အင်္ဂလိပ်သည် တရားဝင်ရုံးသုံးဘာသာစကား(၂)ခုဖြစ်သည်။

၂၃။ ပြည်နယ်တိုင်းတွင်လည်း သက်ဆိုင်ရာကိုယ်ပိုင်ဘာသာစကားများရှိကြပြီး တရားဝင်အသိအမှတ်ပြုထားသော ဘာသာစကားပေါင်း(၂၂)ခုရှိသည်။ အိန္ဒိယသားအများစုအနေဖြင့် ၎င်းတို့၏သက်ဆိုင်ရာဒေသခံဘာသာစကားနှင့် ဟင်ဒီ၊အင်္ဂလိပ်တို့ ကို

---

၈။ https://my.wikipedia.org/wiki/

သင်ကြားကြရသည်။ အကယ်၍ ဟင်ဒီမှာ မိခင်ဘာသာစကားဖြစ်လျှင်မူ ဟင်ဒီနှင့် အင်္ဂလိပ်စာကိုသာ သင်ကြားရန်လိုအပ်သည်။[၉]

## အာဏာခွဲဝေကျင့်သုံးမှု

၂၄။ ပြည်ထောင်စုအစိုးရအနေဖြင့် ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ပြည်နယ်များအကြားဆက်ဆံရေး၊ ငွေစက္ကူထုတ်ဝေရေး၊ မူပိုင်ခွင့်၊ ကုန်ပစ္စည်းများ၏ အရည်အသွေးစံသတ်မှတ်မှု ၊သန်းခေါင်စာရင်းကောက်ခံမှုစသောကိစ္စရပ်များတွင် သီးခြားလုပ်ပိုင်ခွင့်အာဏာအပြည့်အဝရယူထားပါသည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ များမျှဝေကျင့်သုံးရသောလုပ်ပိုင်ခွင့်အာဏာများအနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေများပြဋ္ဌာန်းခြင်း၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာစီမံကိန်းများ၊ ပြည်တွင်းရေကြောင်းသွားလာရေး၊ ဆေးဘက်ဆိုင်ရာကိစ္စရပ်များ၊ တရားရုံးများနှင့် အရပ်ဘက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများဖြစ်သည်။

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရအသီးသီးသည် လူမျိုးစုများ၏ယဉ်ကျေးမှုဓလေ့များအား ထိန်းသိမ်းမြှင့်တင်ရန် ပြဋ္ဌာန်းချက်များပါရှိသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် သာဓကများစွာရှိပါသည်။ ထိုအချက်ကြောင့်ပင် လူမျိုးစုလူနည်းစုများအနေဖြင့် ပြည်ထောင်စုအစိုးရအပေါ် သစ္စာစောင့်သိကြခြင်းဖြစ်သည်။ ဘာသာစကားနှင့်ယဉ်ကျေးမှုဓလေ့ မတူညီကြသောပြည်နယ်များအကြား ပူးပေါင်းဆောင်ရွက်မှုများလည်းရှိပါသည်။ အထူးသဖြင့် ပြည်နယ်များလုပ်ပိုင်ခွင့်ပိုမိုရရှိရေးအတွက် ပြည်ထောင်စုအစိုးရနှင့်ညှိနှိုင်းဆောင်ရွက်ရာတွင် ပြည်နယ်တစ်ခုခြင်းထက် ပြည်နယ်များစုပေါင်းအရေးဆိုသည်က ပိုမိုကောင်းမွန်သောအကျိုးဆက်ရရှိမည်ဟု ခံယူထားကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန် လမ်းဖွင့်ပေးထားပါသည်။

---

၉။ *How has india federalism done? Ashutoshvarshney.net/wp_content/files_mf/howhasindiafederalismdone.pdf*

## အိန္ဒိယမှ လူမျိုးရေးပြဿနာများ

၂၆။ အချို့သောလူမျိုးစုငယ်များအနေဖြင့် အိန္ဒိယ၏ဖက်ဒရယ်စနစ်အား မနှစ်သက်မှုများလည်းရှိသည်။ ပြည်နယ်များအား ဘာသာစကားအခြေခံဖွဲ့စည်းသည့်အတွက် လူများစုလူမျိုးများသည် မိမိတို့သက်ဆိုင်ရာပြည်နယ်တွင် မိမိတို့သာအများစုအခြေချနေထိုင်ခွင့်ရရှိစေရန် လူနည်းစုလူမျိုးများအား ဖယ်ထုတ်သကဲ့သို့ဖြစ်စေပါသည်။ ထိုပြဿနာကြောင့် တင်းမာမှုများ၊ အကြမ်းဖက်မှုများသို့ဦးတည်သွားသော ဖြစ်ရပ်များလည်းရှိခဲ့ပါသည်။ ထို့ပြင် တရားဝင်သတ်မှတ်ခြင်းမခံရသေးသော လူနည်းစုဘာသာသုံးအုပ်စုများမှ မကျေနပ်ချက်များလည်းရှိပါသည်။ လူမျိုးရေးအရ ထင်ရှားသောအကြမ်းဖက်မှုတစ်ခုမှာ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏တတိယမြောက်ဝန်ကြီးချုပ်ဖြစ်သူ အင်ဒီယာဂန္ဒီအား ၎င်း၏သက်တော်စောင့် ဆစ်ခ်လူမျိုးများဖြစ်သော Satwant Singh နှင့် Beant Singh တို့မှလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။[၁၀] ဝန်ကြီးချုပ်အား လုပ်ကြံသတ်ဖြတ်ရခြင်း၏နောက်ခံအကြောင်းတရားမှာ ၁၉၈၄ ခုနှစ်၊ ဇွန်လတွင် အိန္ဒိယစစ်တပ်မှ ဆစ်ခ်ခွဲထွက်ရေးအဖွဲ့ဖြစ်သည့် Khalistani အဖွဲ့အပေါ်ဆင်နွှဲခဲ့သည့် စစ်ဆင်ရေး Blue Star ကြောင့်ဖြစ်သည်။ အဆိုပါစစ်ဆင်ရေးကြောင့် အရပ်သား ၄၉၂ ဦးသေဆုံးခဲ့ပြီး အမ်ရစ်စတာ မြို့ရှိ ဆစ်ခ်လူမျိုးတို့၏အထွတ်အမြတ်ဘုရားကျောင်းဖြစ်သော ရွှေကျောင်းတော်ကြီးဆိုးရွားစွာပျက်စီးခဲ့ရသည်။ ထိုအကြောင်းများပေါ်အခြေခံကာ စစ်ဆင်ရေးအား အမိန့်ပေးခဲ့သူ အင်ဒီယာဂန္ဒီအား လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။[၁၁] ထိုလုပ်ကြံသတ်ဖြတ်မှုကြောင့် အိန္ဒိယနိုင်ငံတစ်ဝှမ်းတွင် ဆစ်ခ်ဆန့်ကျင်ရေးအဓိကရုဏ်းများပေါ်ပေါက်လာခဲ့ပြီး ဆစ်ခ်လူမျိုး ၂၇၀၀ ခန့်သတ်ဖြတ်ခံခဲ့ရသည်။[၁၂]

---

၁၀။ https://en.wikipedia.org/wiki/Assassination_of_Indira_Gandhi

၁၁။ https://en.wikipedia.org/wiki/Operation_Blue_Star

၁၂။ https://en.wikipedia.org/wiki/1984_anti-Sikh_riots

၂၇။ နောင်အနာဂတ်တွင် လူမျိုးစုအခြေခံအကြမ်းဖက်မှုများ ပို၍များပြားလာနိုင်သည်ဟု ပညာရှင်များ၊ နိုင်ငံရေးသမားများကခန့်မှန်းထားသည်။ လက်ရှိအချိန်တွင် အိန္ဒိယ၌ လူမျိုးရေးအခြေခံနိုင်ငံရေးပါတီများအမြောက်အမြားရှိနေရာ လူမျိုးစုအမျိုးသားရေးဝါဒအား ပါတီစည်းရုံးရေးလက်နက်အဖြစ် အသုံးချလာသည်များလည်းရှိပါသည်။

၂၈။ လက်ရှိအချိန်တွင် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကြီးမားသောပြောင်းလဲမှုမရှိသော်လည်း လက်တွေ့ကျင့်သုံးရာတွင်မူ လုပ်ပိုင်ခွင့်အာဏာသည် ဗဟိုအစိုးရမှ ပြည်နယ်များဆီသို့ ဦးတည်ရွေ့လျားလာသည်ကိုတွေ့ရပါသည်။ ယခုချိန်ထိ ပြည်ထောင်စုအစိုးရသည် အရေးကြီးသော လုပ်ပိုင်ခွင့်အာဏာများအား ချုပ်ကိုင်ထားဆဲဖြစ်သော်လည်း ပြည်နယ်များ၏အခန်းကဏ္ဍသည် ပိုမိုမြင့်တက်လာခဲ့ပါသည်။

## နိုင်ငံရေးနှင့်စီးပွားရေးအရွေ့

၂၉။ အိန္ဒိယနိုင်ငံတွင် နိုင်ငံရေးပါတီအမျိုးအစား(၂)ရပ်ရှိသည်။ အိန္ဒိယတစ်နိုင်ငံ လုံးမှ နိုင်ငံရေးပါတီများပါဝင်သည့် All India Parties နှင့်အခိုင်အမာလူမျိုးစုအုပ်စုတစ်စုကိုသာကိုယ်စားပြုသည့် ဒေသပါတီများဖြစ်သည်။ တစ်နိုင်ငံလုံးအား လွှမ်းခြုံထားသော All India Parties တွင် အဓိကပါတီကြီး(၃)ခုမှာ ကွန်ဂရက် ပါတီ၊ ဘီဂျေပီပါတီနှင့် အိန္ဒိယကွန်မြူနစ်ပါတီတို့ဖြစ်သည်။ ကွန်ဂရက်ပါတီသည် လောကီနိုင်ငံရေးပါတီသက်သက်ဖြစ်ပြီး ဘီဂျေပီမှာဟိန္ဒူအမျိုးသားရေးပါတီဖြစ်သည်။

၃၀။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလအတန်ကြာသည်အထိ ကွန်ဂရက်ပါတီ သည် အိန္ဒိယနိုင်ငံရေးအား လွှမ်းမိုးထားခဲ့သည်။ ၁၉၈၉ ခုနှစ်မှစတင်ကာ ကွန်ဂရက်ပါတီအပါအဝင် All India Parties များသည် သိသိသာသာအားနည်းလာခဲ့ကာ မဲဆန္ဒရှင်အများစုသည် ဒေသဆိုင်ရာပါတီများကိုသာ ထောက်ခံလာကြသည်။ အကျိုးဆက်အနေဖြင့် All India Parties များသည် ပြည်ထောင်စုအဆင့်တွင်ပင် ဒေသ

ဆိုင်ရာပါတီများနှင့် ညွန့်ပေါင်းဖွဲ့လာရကာ ပြည်နယ်အများစုတွင် ဒေသဆိုင်ရာပါတီများကသာ အစိုးရဖွဲ့နိုင်တော့သည်။

၃၁။ ထိုအကျိုးဆက်၏ကောင်းကျိုးအနေဖြင့် ပြည်ထောင်စုအဆင့်တွင် ဒေသဆိုင်ရာပါတီများ ပိုမိုပြောရေးဆိုခွင့်ရရှိလာသော်လည်း ဆိုးကျိုးအနေဖြင့် ပါလီမန်တွင်မည်သည့်ပါတီမှ အများစုမရရှိတော့သဖြင့် ညွန့်ပေါင်းနိုင်ငံရေးသည် ခေတ်စားလာသည်။ ဒေသဆိုင်ရာပါတီများအနေဖြင့် မိမိတို့လိုလားချက်မရလျှင် ညွန့်ပေါင်းအစိုးရမှနုတ်ထွက်မည်ဆိုသော နိုင်ငံရေးအကြပ်ကိုင်မှုများရှိလာသည်။

၃၂။ အရေးကြီးသောအပြောင်းအလဲတစ်ရပ်မှာ စီးပွားရေးစနစ်ဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် အိန္ဒိယသည် ဈေးကွက်စီးပွားရေးနှင့် လွတ်လပ်သောကုန်သွယ်ရေးသို့ ဦးတည်ပြောင်းလဲလာသည်။ ဗဟိုကချုပ်ကိုင်မှုလျော့ကျလာပြီး ဒေသအစိုးရများ၏ စီးပွားရေးလုပ်ပိုင်ခွင့်များပိုမိုရရှိလာသည်။ ဗဟိုအစိုးရတွင် ပြည်နယ်များအား ထောက်ပံ့ရန် ငွေကြေးမလုံလောက်ချိန်တွင် ဒေသအစိုးရများ၏စီးပွားရေးလုပ်ပိုင်ခွင့်အား ပိုမိုအသိမှတ်ပြုလက်ခံလာရပါသည်။[၁၃]

## အိန္ဒိယဖက်ဒရယ်စနစ်၏သဘောသဘာဝ

၃၃။ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်နိုင်ငံအဖြစ်အတိအလင်းဖွင့်ဆိုထားခြင်းမရှိဘဲ ပြည်ထောင်စုအဖြစ်သာဖွင့်ဆိုထားပါသည်။ ထိုအချက်ကြောင့် ပြည်နယ်များအနေဖြင့် ပြည်ထောင်စုမှလွတ်လပ်စွာ ခွဲထွက်ခွင့်ရှိမည်မဟုတ်ပါ။ သို့သော် အခြားတစ်ဖက်မှကြည့်လျှင် ဖက်ဒရေးရှင်းသည် ပြည်ထောင်စုနိုင်ငံသာဖြစ်သည်။ ထိုအချက်သည် တိုင်းပြည်၏တည်တံ့ခိုင်မြဲမှုကို အထောက်အကူပြုသောအချက်ဖြစ်သည်။

---

၁၃။ *ကျော်ဝင်း-ဖက်ဒရယ်မူသဘောတရားနှင့်လက်တွေ့*

၃၄။ အိန္ဒိယနိုင်ငံသည် ဖက်ဒရယ်နိုင်ငံစစ်စစ်ဟုသတ်မှတ်၍မရနိုင်ပါ။သို့သော်လည်း ဖက်ဒရယ်စနစ်၏သွင်ပြင်လက္ခဏာများရောယှက်ပါဝင်နေသည့် Semi-federal State ဖြစ်သည်။ ပါမောက္ခ K C Wheare က အိန္ဒိယနိုင်ငံ၏ဖက်ဒရယ်စနစ်အား Quasi-Federal State ဟုခေါ်ဆိုခဲ့သည်။ သို့သော်လည်း အိန္ဒိယနိုင်ငံသည် ဖက်ဒရယ်စရိုက်လက္ခဏာများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၃၅။ အိန္ဒိယနိုင်ငံ၏ဖက်ဒရယ်လက္ခဏာရပ်များအနေဖြင့် အောက်ပါအတိုင်းတွေ့ရပါသည်-

(က) **အုပ်ချုပ်ရေးအာဏာခွဲဝေခြင်း**။ ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်နယ်ပယ်များ ပိုင်းခြားထားပါသည်။

(ခ) **ရေးသားထားသောအခြေခံဥပဒေ**။ အိန္ဒိယနိုင်ငံတွင် ရှင်းလင်းပြီးတိကျ စွာရေးသားပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေအားကျင့်သုံး လျှက်ရှိသည်။

(ဂ) **တရားစီရင်ရေး**။အိန္ဒိယတရားလွှတ်တော်ချုပ်သည် အိန္ဒိယတရားစီရင် ရေး၏အဆင့်မြင့်ဆုံးဖြစ်သည်။ အခြေခံဥပဒေအားသုံးသပ်ပြင်ဆင်ရေး အတွက် တာဝန်ယူထားရသဖြင့် အခြေခံဥပဒေအားစောင့်ရှောက်သူဟု လည်းတင်စားကြသည်။

(ဃ) **ဥပဒေပြုရေး**။ Rajya Sabha ခေါ်အထက်လွှတ်တော်နှင့် Lok Sabha ခေါ်အောက်လွှတ်တော်စသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားကာယေဘုယျအားဖြင့် အထက်လွှတ်တော်သည် ပြည်နယ်များကိုကိုယ်စား ပြုကာအောက်လွှတ်တော်သည် ပြည်သူလူထုကိုကိုယ်စားပြုသည်ဟု မှတ်ယူနိုင်သည်။

၃၆။ အခြားတစ်ဖက်တွင် ဖက်ဒရယ်အင်္ဂါရပ်နှင့်မကိုက်ညီသော အချက်များကို လည်းအောက်ပါအတိုင်းတွေ့ရပါသည်-

(က) အာဏာခွဲဝေမှုတွင်ညီမျှမှုမရှိဘဲ ပြည်နယ်အလိုက်သော်လည်းကောင်း၊ ဗဟိုအစိုးရနှင့်ပြည်နယ်များကြားတွင်လည်းကောင်း ကွာခြားချက်များ ပြားပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်အတွက် လွှယ်ကူလွန်းကာ အိန္ဒိယ ပါလီမန်အနေဖြင့် ပြည်နယ်အလိုက်ရှိ ဥပဒေပြုအမတ်များ၏သဘောတူ ညီမှု မလိုဘဲ လွယ်လင့်တကူပြင်ဆင်နိုင်သည်။ ဖက်ဒရယ်နိုင်ငံများတွင်မူ အခြေခံဥပဒေကိုပြင်ဆင်ရေးအတွက် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ် အဆင့်ဥပဒေပြုအမတ်များ၏သဘောတူညီမှုလိုအပ်ပါသည်။

(ဂ) တစ်နိုင်ငံလုံးအပေါ်လွှမ်းခြုံထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် သာကျင့် သုံးလျှက်ရှိပြီး ပြည်နယ်များအလိုက် သီးခြားပြဋ္ဌာန်းထားသည့် ဖွဲ့စည်း ပုံအခြေခံဥပဒေခွဲများ ရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိပါ။

(ဃ) ဗဟိုအစိုးရ၏ချုပ်ကိုင်မှုများပြားလွန်းကာ ပြည်နယ်များအနေဖြင့် ဗဟို အစိုးရ ၏ဥပဒေများကိုသာ လေးစားလိုက်နာကြရကာ ဗဟိုအစိုးရက ပြဋ္ဌာန်း ထားသော ဥပဒေတစ်ရပ်အား ပြည်နယ်များအနေဖြင့် ကိုက်ညီ သောဥပဒေတစ်ရပ်အဖြစ် ပြန်လည်ရေးဆွဲပြဋ္ဌာန်းခွင့်မရှိပါ။

(င) ပြည်နယ်များကိုယ်စားပြုအထက်လွှတ်တော်တွင် ပြည်နယ်ကိုယ်စားပြု ဥပဒေပြု အမတ်များပါဝင်မှုသည် အချိုးအစားညီမျှခြင်းမရှိပါ။ လူဦးရေ များပြား သော ပြည်နယ်များသည် ကိုယ်စားလှယ်နေရာအများအပြား ရယူထားကာ ပြည် နယ်ငယ်များအတွက် နေရာနည်းပါးပါသည်။

(စ) တရားစီရင်ရေးပိုင်းတွင် ပြည်နယ်တရားလွှတ်တော်များသည် ပြည် ထောင်စု တရားလွှတ်တော်ချုပ်၏လက်အောက်တွင်သာရှိပြီး တစ်နိုင်ငံ လုံးရှိ တရားရုံး များသည်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက် တွင်သာ ရှိသည်။

(ဈ) အရေးပေါ်အခြေအနေကြေညာခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ ကသာကြေညာနိုင်ပြီး ကြေညာပြီးအချိန်ကာလတွင် ပြည်နယ်အုပ်ချုပ်

ရေးအာဏာအလုံးစုံကို ဗဟိုအစိုးရကသာ အလုံးစုံချုပ်ကိုင်ကာ ပြည်နယ်အစိုးရ၏အခွင့်အာဏာကွယ်ပျောက်စေပါသည်။ [၁၄]

၂၇။ အထက်ပါအချက်များသည် ဗဟိုချုပ်ကိုင်သောအစိုးရနှင့်ဖက်ဒရယ်အစိုးရနှစ်ရပ်ကြားမှကွာဟချက်များပေါ်မူတည်ကာ အိန္ဒိယနိုင်ငံ၏နိုင်ငံရေးစနစ်အပေါ် သရုပ်ဖော်ခြင်းဖြစ်ပါသည်။ ကွာခြားချက်များအား အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-[၁၅]




---

၁၄။ http://kkhsou.in/main/polscience/indian_federalism.html

၁၅။ http://exampariksha.com/india-federal-system-political-science-study-material-notes/

## နိဂုံး

၃၈။ အချုပ်အားဖြင့် အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်အင်္ဂါရပ်များဖြင့် အုတ်မြစ်ချထားသော်လည်း ဖက်ဒရယ်စစ်စစ် အင်္ဂါရပ်များနှင့်ကွာခြားချက်များပြားနေဆဲဖြစ်ပါသည်။ သို့သော်လည်း ဖက်ဒရယ်စနစ်တွင် ဗဟိုအစိုးရနှင့်ဒေသအစိုးရများကြား လုပ်ပိုင်ခွင့်အာဏာချိန်ခွင်လျှာသည် အမြဲတမ်းတူညီမှုမရှိနိုင်ပါ။ သက်ဆိုင်ရာနိုင်ငံ၏ပကတိအရှိတရားကိုအခြေခံကာ အဆိုပါချိန်ခွင်လျှာကို ထိန်းညှိနေရမည်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ၎င်းတို့နှင့်ကိုက်ညီသည့် ဖက်ဒရယ်ပြည်ထောင်စုပုံစံအား ကျင့်သုံးနေသည်ကိုတွေ့ရှိရပါကြောင်း ဤစာတမ်းတိုဖြင့်ရေးသားပြုစုအပ်ပါသည်။[၁၆]

---

၁၆။ *ကျော်ဝင်း-ဖက်ဒရယ်မူသဘောတရားနှင့်လက်တွေ့*